CORONAVIRUS UTAH.GOV

# ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးခြင်းနှင့် ပတ်သက်၍ သင်သိထားရန်လိုအပ်သည့် အရာများ

**ကိုဗစ် - ၁၉ ကာကွယ်ဆေးများ ဘေးအန္တရာယ်ကင်းရှင်းရေးသည် ထိပ်တန်းဦးစားပေးဖြစ်ပါသည်။ ကိုဗစ် - ၁၉ ကာကွယ်ဆေးသည် ဘေးအန္တရာယ်ကင်းပြီး ထိရောက်မှုရှိကြောင်း သက်သေပြထားပြီးဖြစ်ပါသည်။**

ကာကွယ်ဆေးများ ဘေးအန္တရာယ် ကင်းရှင်းပြီး ထိရောက်ကြောင်း သေချာအောင်လုပ်ရန် အမေရိကန်ပြည်ထောင်စုအတွင်း အဆင့်အမြောက်အများ နေသားတကျရှိနေပါသည်။ အဆိုပါအဆင့်များတွင် ကာကွယ်ဆေးက ကွဲပြားခြားနားသည့် အသိုင်းအဝိုင်းများအတွက် ဘေးအန္တရာယ်ကင်းရှင်းကြောင်း သေချာစေရန်ပြုလုပ်သည့် ကုသမှုဆိုင်ရာ စမ်းသပ်လေ့လာမှုများအတွင်း ပါဝင်လုပ်ဆောင်နေသော လူမျိုး၊ တိုင်းရင်းသား နှင့် အသက်အရွယ်အုပ်စု အမျိုးမျိုးမှ စေတနာ့ဝန်ထမ်းများပါဝင်ပါသည်။ သင် ကာကွယ်ဆေးမထိုးမီ အဆိုပါစမ်းသပ်လေ့လာမှုများမှ အချက်အလက်များ နှင့် ဒေတာများကို သိပ္ပံပညာရှင်များ၊ ဆေးဖက်ဆိုင်ရာ ကျွမ်းကျင်သူများ နှင့် ကျန်းမာရေးကျွမ်းကျင်ပညာရှင်များက လွတ်လပ်စွာ ပြန်လည်သုံးသပ်လေ့လာခဲ့ပါသည်။ ရောဂါထိန်းချုပ်ရေး စင်တာများ (CDC) က ကိုဗစ် - ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ ပြဿနာများကို အလျင်အမြန် ဖော်ထုတ်ရန် ကိရိယာအသစ်တစ်ခု ကို ဖော်ထုတ်ခဲ့ပြီဖြစ်ပါသည်။ "ဗွီဆေ့ဖ် (V-safe)" သည် စမာ့တ်ဖုန်းအခြေခံ၊ ကာကွယ်ဆေးထိုးအပြီး ကျန်းမာရေးစစ်ဆေးမှု အသစ်တစ်ခုဖြစ်ပါသည်။ လူအများအား ကိုဗစ်- ၁၉ ကာကွယ်ဆေးတစ်လုံး ၄င်းတို့ ထိုးသည့်အချိန်၌ ယင်းကို ကမ်းလှမ်းပေးပါမည်။

**ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးခြင်းက သင့်အား ကိုဗစ် - ၁၉ ကူးစက်ရရှိမှုမှ ကာကွယ်ရာတွင် ကူညီပါလိမ့်မည်။ ဆေးနှစ်လုံး ထိုးရန် လိုအပ်ပါသည်။**

ဤ ဆိုးရွားပြင်းထန်သော ရောဂါကို ဆန့်ကျင်တွန်းလှန်ရာတွင် ဤကာကွယ်ဆေးမှ ကမ်းလှမ်းသည့်ကာကွယ်မှု အမြင့်ဆုံးရရှိရန် သင့်အနေဖြင့် ယခုလက်ရှိတွင် ရရှိနိုင်သော ကိုဗစ် - ၁၉ ကာကွယ်ဆေး ၂ လုံး ထိုးရန် လိုအပ်ပါသည်။

**လက်ရှိအချိန်၌ အမေရိကန်ပြည်ထောင်စုအတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေး ထောက်ပံ့မှု အကန့်အသတ်တစ်ခု ရှိနေပါသော်လည်း ထောက်ပံ့မှုမှာ လာမည့် ရက်သတ္တပတ်များ နှင့် လများအတွင်း တိုးတက်များပြားလာပါမည်။**

လုံလောက်များပြားသည့် ပမာဏ ရရှိလာသည့်နှင့် လူတိုင်းလူတိုင်း ကိုဗစ် - ၁၉ ဆန့်ကျင်သည့် ကာကွယ်ဆေး ထိုးခံရနိုင်ပါလိမ့်မည်။ ကာကွယ်ဆေး ကျယ်ကျယ်ပြန့်ပြန့် ရရှိလာသည်နှင့် ကာကွယ်ဆေးပံ့ပိုးသူ ထောင်ပေါင်းများစွာ ရှိလာပါလိမ့်မည်။

- ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကိုဗစ် - ၁၉ ကို ကာကွယ်ရန် ဖိုင်ဇာ- ဘိုင်အိုတက်ခ် (Pfizer-Biotech) ၏ ကိုဗစ် - ၁၉ ကာကွယ်ဆေးအတွက် ACIP မှ တိုက်တွန်းအကြံပြုချက်များ ထုတ်ပြန်ခဲ့ပါသည်။
- ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကိုဗစ် - ၁၉ ကို ကာကွယ်ရန် မိုဒါးနား (Moderna) ၏ ကိုဗစ် - ၁၉ ကာကွယ်ဆေးအတွက် ACIP မှ တိုက်တွန်းအကြံပြုချက်များ ထုတ်ပြန်ခဲ့ပါသည်။

**ဆေးဖိုး မပေးနိုင်ခြင်း၊ ရွှေ့ပြောင်းနေထိုင်မှု အဆင့်အတန်း၊ သို့မဟုတ် အာမခံမရှိမှုတို့က ကိုဗစ် - ၁၉ ကို ဆန့်ကျင်တွန်းလှန်ရန် ကာကွယ်ဆေးရရှိခြင်းအား တားဆီးမည်မဟုတ်ပါ။**

ကာကွယ်ဆေးကို လူများ၏ ရွှေ့ပြောင်းနေထိုင်မှု အဆင့်အတန်း သို့မဟုတ် ၄င်းတို့ထံတွင် အာမခံ ရှိသည် မရှိသည်ကို ထည့်မတွက်ပဲ ကုန်ကျစရိတ်မရှိပဲ ပေးသွားပါမည်။ ကာကွယ်ဆေး ပံ့ပိုးပေးသူများအနေဖြင့် ဆေးထိုးပေးခြင်းအတွက် စာရင်းသွင်းအုပ်ချုပ်ရေး အခကြေးငွေကို ကောက်ခံနိုင်စွမ်း ရှိကောင်းရှိနိုင်ပါသည်။ ကာကွယ်ဆေး ပံ့ပိုးပေးသူများသည် အဆိုပါ အခကြေးငွေကို လူနာ၏ ပြည်သူပိုင် သို့မဟုတ် ပုဂ္ဂလိက အာမခံကုမ္ပဏီမှ ပြန်လည်ဖြည့်တင်းပေးမှု ရရှိနိုင်ပါသည်။

**ကိုဗစ် - ၁၉ ကာကွယ်ဆေး ထိုးအပြီးတွင် သင့်ထံ၌ ဘေးထွက်ဆိုးကျိုးအချို့ ရှိနိုင်ပါသည်။ ယင်းက သင်၏ကိုယ်ခန္ဓာသည် ခုခံကာကွယ်မှု တည်ဆောက်နေသည့် လက္ခဏာတစ်ခုဖြစ်ပါသည်။**

ဘေးထွက်ဆိုးကျိုးများသည် ကာကွယ်ဆေး အလုပ်လုပ်နေကြောင်း ပြသချက်တစ်ခုဖြစ်သည်၊ ဘေးထွက်ဆိုးကျိုးများက တုပ်ကွေးဖြစ်သကဲ့သို့ ခံစားရနိုင်ပြီး သင်၏ နေ့တစ်ဓူဝလှုပ်ရှားမှုများအပေါ်၌ပင် သက်ရောက်နိုင်သော်လည်း ရက်အနည်းငယ်အတွင်း ပျောက်သွားသင့်ပါသည်။

- **ရှိမရှိ သိရှိရန် သို့မဟုတ် ချိန်းဆိုမှုတစ်ခု စီစဉ်ရန် ကျွန်ုပ်တို့၏ ဒေသန္တရ ကျန်းမာရေးဌာနကို ခေါ်ဆိုပါ သို့မဟုတ် ဝက်ဘ်ဆိုက်-** https://coronavirus.utah.gov/vaccine-distribution/#lhd**ကို ဝင်ရောက်ကြည့်ရှုပါ။**
- **နောက်ခံအကြောင်းအရာပါသည့် တိုက်ရိုက်အီးမေးလ်များ လက်ခံရရှိရန် ယူတာပြည်နယ် ကာကွယ်ဆေးဆိုင်ရာ သတင်းလွှာရရှိရန်အတွက် နှင့်**
  **မည်သည့်နေရာတွင် မည်သည့်အချိန်၌ သင့် ကာကွယ်ဆေးလက်ခံရရှိနိုင်ကြောင်း နောက်ဆုံးပေါ်အချက်အလက်များကို ရရှိရန်** https://coronavirus.utah.gov/vacunas/#subscribe**တွင် စာရင်းသွင်းပါ။**
- **ထပ်ဆောင်းအချက်အလက်များ ရရှိရန် -** https://coronavirus.utah.gov/vaccine**သို့ သွားပါ။**